the voice of spring

26.5.2021 · Wednesday · No . 51 · Daily News Pamphlet


## မန္တလေး-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ဟိုပင်မြို့နယ်၊ ဝက်ကုန်းတံတား မိုင်းခွဲဖျက်ဆီးခံရ

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

## NUG လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနမှ ကယား ပြည်နယ် အခြေအနေကို အစီရင်ခံချက်ထုတ်ပြန်ခဲ့

သတင်းတို

ရင်းမြစ် – NUG မှ

## NUG စီမံဘဏ္ဍာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွန်းနိုင်က ကုလမြန်မာဆိုင်ရာအထူးကိုယ်စားလှယ် မစ္စ ခရစ်စတင်းရှရင်နာဘာဂနာကို လက်ခံတွေ့ဆုံပြီး စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုရပ်တန့်ရန်နှင့် ဝင်ငွေရလမ်းများကို အစွမ်းကုန်ပိတ်ဆို့ရေး၊ NUG အစိုးရကို နိုင်ငံတကာမှ အသိအမှတ်ပြုရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြ

သတင်းတို

ရင်းမြစ် – NUG မှ

## ကဆုန်လပြည့် ညောင်ရေသွန်းဆန္ဒပြပွဲများနှင့်အတူ သပိတ်စစ်ကြောင်းများ အရှိန်မပြတ် ချီတက်ခဲ့ကြ






မေလ(၂၅)ရက်၊ မုံရွေးကြေးမုံ၊ ကျောက်ပန်းတောင်း၊ ပုလိပ်မြို့တို့၌ ပြုလုပ်ခဲ့သည့် 'ညောင်ရေသွန်းသပိတ်'ကို တွေ့မြင်ရစဉ်-(ဓါတ်ပုံ - CJ )

## ပုသိမ်မြို့ တိုင်းလျှပ်စစ်အင်ဂျီနီယာရုံး ပေါက်ကွဲမှုဖြစ်၊ မီတာစာရေးဒဏ်ရာရ

သတင်းတို

ရင်းမြစ် – မဇ္ဈိမ မှ

## မြန်မာလက်ရှိပြည်တွင်းအခြေအနေ အလွန်ဆိုးရွားနေဟု ကုလမြန်မာဆိုင်ရာ အထူးကိုယ်စားလှယ် ပြောကြား

သတင်းတို

ရင်းမြစ် – BBC မှ

## ဒီးမော့ဆိုတိုက်ပွဲ၌ စစ်အုပ်စု၏ သံချပ်ကာ ကား(၂)စီးကို KPDF က မိုင်းခွဲဖျက်ဆီးနိုင်၊ စစ်အုပ်စု(၁၀)ဦးသေဆုံး

သတင်းတို

ရင်းမြစ် – DVB မှ

## KNLA တပ်မဟာ(၅)၊ တပ်မဟာ(၃)တို့နှင့် (၂)ရက်တာ တိုက်ပွဲအတွင်း အကြမ်းဖက်စစ်အုပ်စုဘက်မှ (၃)ဦးသေဆုံး၊ (၉)ဦး ဒဏ်ရာရရှိခဲ့ဟုသိရ

သတင်းတို

ရင်းမြစ် – PVTV မှ

## စစ်ကိုင်း၊ စစ်အုပ်စု၏ အမှတ်(၆) လုံခြုံရေးတပ်ရင်း၌ ရဲတပ်သားက ဒုရဲမှူးကို သေနတ်နှင့် ပစ်သတ်ခဲ့

သတင်းတို

ရင်းမြစ် – DVB မှ

## သယ်န်းကျွန်း၊ ဒလံမင်္ဂလာဆောင်၊ လက်ဖွဲ့ပါဆယ် ဗုံးကွဲသဖြင့် သတို့သမီးအပါအဝင် (၄)ဦးသေဆုံးခဲ့

သတင်းတို

ရင်းမြစ် – မြန်မာနောင်း မှ

## မင်းတပ်မြို့ စစ်ဘေးရှောင်များ ဝမ်းပျက်ဝမ်းလျှောဖြစ်နေပြီး ဆေးဝါးအကူအညီ အရေးပေါ် လိုအပ်လျက်ရှိ

သတင်းတို

ရင်းမြစ် – ဧရာဝတီ မှ

## စစ်ကျွန်ပြည်ထဲရေးဒုဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီးသန်းလှိုင်၏ ညီဖြစ်သူ နိုင်ကျဉ်းပောင်း ဦးစိုးမိုးလှိုင်(ခ)ကိုမဲကြီး စစ်ကြောရေး၌ ကျဆုံးခဲ့ဟုသိရ

သတင်းတို

ရင်းမြစ် – မဇ္ဈိမ မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွားၡ၍ ဆက်လက်မျှဝေပါ၊ ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှု(လုံး၀)မရပ်တန့်စေရ။

ဖေဖော်ဝါရီ(၁)ရက်မှ မေ(၂၄)ရက်အထိ

ကျဆုံးသူဦးရေ - ၈၂၄ ဦး

အဖမ်းဆီးခံရသူဦးရေ- ၅၄၀၈ ဦး

ဝရမ်းထုတ်ခံရသူဦးရေ- ၁၈၄၁ ဦး

ရင်းမြစ် – အေအေပီပီမှ

the voice of spring
26.5.2021 · Wednesday · No . 51 · Daily News Pamphlet

# သတင်းမှတ်စု

မေလ(၂၅)ရက်၊ ၂၀၂၁

- မြန်မာအခြေစိုက် Frontier Myanmar သတင်းဌာန သတင်းခန်းအုပ်ချုပ်မှု အယ်ဒီတာ အမေရိကန်နိုင်ငံသား Mr. Danny Fenster ကို မေ(၂၄)ရက်က မလေးရှားနိုင်ငံသို့ ထွက်ခွာခါနီးအချိန်၌ စစ်အုပ်စုက ဖမ်းဆီးခဲ့။
- စစ်ကိုင်း၊ ကနီမြို့နယ်၌ ချင်းတွင်းမြစ်မှ လက်နက်၊ ရိက္ခာနှင့်အတူ လက်နက်ကိုင်လုံခြုံရေး အပြည့်တင်ဆောင်လာသည့် စစ်အုပ်စုရေယာဉ်(၅)စီးကို အဖွဲ့တဖွဲ့က နံနက်(၈)နာရီခွဲတွင် ကြားဖြတ် တိုက်ခိုက်ခဲ့။
- ပဲခူးမြို့၊ ဘုရားကြီးကျေးရွာ၊ ဝင်္ဂဘော်နိုင်/ကျဉ်းပညာရေးကွန်ယက် တည်ထောင်သူ၊ နိုင်ကျဉ်းဟောင်း ကိုစိုးမိုးလှိုင်(ခ) ကိုမဲကြီးကို စစ်အုပ်စုက မေ(၂၂)ရက်၌ ဖမ်းဆီးခဲ့ပြီး နှိပ်စက်ညှင်းပန်းသဖြင့် မေ(၂၄)ရက်တွင် ကျဆုံးခဲ့ရပြီး မိသားစုမှာ သင်္ဂြိုဟ်ခွင့် မရ။
- ကလေးမြို့၊ မြို့သာရပ်ကွက်၊ စိတ်ထားမဏ္ဍိုင် ဆိုင်ကယ်ပြင်ဆိုင်မှ ကိုမင်းမင်းအား စစ်အုပ်စုက မေ(၂၄)ရက်၊ နေ့လယ်ပိုင်းက ဖမ်းဆီးသွားပြီးနောက် မေ(၂၅)ရက်၊ နံနက်ပိုင်းတွင် အလောင်းလာယူရန် မိသားစုထံ အကြောင်းကြားခဲ့ဟုသိရ။
- ရန်ကုန်၊ ရွှေပြည်သာမြို့နယ်ရှိ မီတာခဆောင်ရသည့် လျှပ်စစ်ရုံးတွင် နံနက်(၁၀)နာရီခွဲက ပေါက်ကွဲမှုဖြစ်ပွားခဲ့ဟုသိရ။





- ကလေးမြို့၊ တောင်ဖီလာရပ်ကွက် အမှတ်(၁၃) အလက-တွဲကျောင်း၌ နံနက်(၇)နာရီခွဲခန့်က ပေါက်ကွဲမှုဖြစ်ပွားခဲ့သဖြင့် ကျောင်းအပ်နှံရေး လုပ်ဆောင်နေသည့် ဆရာ/ဆရာမများ ထွက်ပြေးခဲ့ကြဟုသိရ။
- ထားဝယ်မြို့ မြောင်းပုလဲရပ်ကွက် အ.ထ.က(၆)နှင့် ဇရစ်ရပ်ကွက်၊ မူလတန်းလွန်ကျောင်းတွင် ပေါက်ကွဲခဲ့ပြီး လောင်းလုံမြို့ မြို့နယ်ပညာရေးမှူးရုံး၊ ကဘူနှင့် မင်းရပ်ရွာတို့၌ ပေါက်ကွဲမှုများဖြစ်ပွားခဲ့ဟုသိရ။
- မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်ရုံးတွင် မေ(၂၄)ရက်၊ ည(၉)နာရီခန့်က မီးလောင်ခဲ့ရာ ရုံးတွင်းရှိ မီးသတ်ကားပါ မီးစွဲခဲ့ပြီး အုပ်ချုပ်ရေးမှူးနေအိမ်တွင်လည်း ဗုံးပေါက်ကွဲခဲ့။
- မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ (၅၈) နှင့် (၅၉) လမ်းနှင့် (၃၃) နှင့် (၃၄) လမ်းကြားရှိ မီတာရုံး၌ နံနက်(၁၁)နာရီခန့်က မီတာဆောင်သူများ ရှိသည့်ကြားသို့ လက်လုပ်မိုင်း ပစ်သွင်းခံရမှု ဖြစ်ပွားကာ စစ်ကျွန်ဝန်ထမ်း(၃)ဦး ထိခိုက်ဒဏ်ရာရရှိခဲ့။
- ရန်ကုန်၊ သာကေတမြို့နယ်(၅)ရပ်ကွက်၊ သိင်္ဂ(၂)လမ်းရှိ ထွေအုပ်ရုံး၌ နံနက်(၅)နာရီခန့်က စစ်သားတဦးက ပစ်ခတ်သဖြင့် စစ်ကျွန်ရာအိမ်မှူး ဦးတင်ထွန်း၏ သားဖြစ်သူ ကိုရဲလင်းထိုက် သေဆုံးခဲ့ဟုသိရ။
- ဆားလင်းကြီးမြို့နယ်၊ အုတ်ရှစ်ပြားရွာ၊ ရွာသာရွာ။ ယင်းမာပင်၊ စုန်းချောင်းရွာ။ ဖောင်းပြင်မြို့နယ်၊ စစ်သောင်အုပ်စု၊ ကွန်းတောင်းကျေးရွာ။ စလင်းမြို့နယ်၊ တောစိမ့်ကျေးရွာ။ ဂန့်ဂေါမြို့နယ်၊ သာလင်းရွာ တို့၌ စစ်ကျွန်ပညာရေး အလိုမရှိ သပိတ်ပြုလုပ်ခဲ့ပြီး ရန်ကုန်၊ လှိုင်သာယာ။ မကွေး။ မြိုင် တို့၌ ဆိုင်ကယ်သပိတ်ပြုလုပ်ခဲ့ကြ။
- ရန်ကုန်၊ မြို့နယ်ပေါင်းစုံသပိတ်၊ မြောက်ဥက္ကလာပ။ မန္တလေး၊ တပ်ပေါင်းစု၊ မြတောင်နှင့် အောင်ပင်လယ်၊ သံဃသမဂ္ဂ။ စဉ့်ကိုင်၊ ပုလိပ်။ ပုဂံ။ ညောင်ဦး။ မြင်းခြံ။ မိုးကုတ်။ ပခုက္ကူ။ ကမ္မ။ ရေဦး။ မုံရွာ။ ဆားလင်းကြီး၊ ကျေးရွာပေါင်းစုံနှင့် ယင်းမာပင်။ ဘုတလင်၊ လေးမြေရွာ။ တန့်ဆည်။ မြိုင်။ ကသာခရိုင်၊ ထီးချိုင့်မြို့နယ်၊ မြတောင်စံပြကျေးရွာ။ မြင်းမူမြို့နယ်၊ ပဒတ္တိုင်းရွာ။ သရက်ချောင်းမြို့နယ်၊ ရန်တောင်ရွာ။ ဖျာပုံ။ မိုးကောင်း။ ကလေးမြို့။ ရေဖြူ၊ ကံပေါက်။ ထားဝယ်။ လောင်းလုံမြို့နယ်ကျေးရွာများ။ ရောဝတီ၊ မြန်အောင်။ ဖားကန့်မြို့၊ မော်ပေါင်းစုံသပိတ်။ ရှမ်း၊ နမ့်ခမ်း စသဖြင့် မြို့အသီးသီး၌ ညောင်ရေသွန်း သပိတ်နှင့်အတူ လူအင်အားရာချီသော သပိတ်စစ်ကြောင်းကြီးများဖြင့် ချီတက်၍ ဆန္ဒဖော်ထုတ်ခဲ့ကြ။

ရင်းမြစ် – မဇ္ဈိမ

## မှာတမ်း

ကိုယ့်သေတွင်းက ကြိုတူးပြီးသားဖြစ်
မနက်ဖြန်အသစ်ထည်လဲဝတ်ရင်း
သူငယ်ချင်းတို့ အဆင်ပြေလား။

အဖိုးနဲ့အဖေအော်ခဲ့တဲ့ကြွေးကြော်သံ
ငါတို့ထံ တပတ်လည်တော့
ခေါင်းကိုမော့ရင်ကိုကော့ပြီး အံကြိတ်လိုက်တာ
မိုးဦးမှာ လျှပ်စီးတွေ ဝင်းလို့ လက်လို့။

တောင်တွေမြင့်တာ သူ့အလုပ်
ကျော်ဖြတ်ရမှာ ကိုယ့်အလုပ်မို့
ချစ်သူရေ
အချိန်မှီ ငါအိမ်ပြန်မရောက်ရင်
မမျှော်နဲ့တော့။

**အညာခွပ်ဒေါင်းနီ**
(၂၄·၅·၂၀၂၁)



မေလ(၂၅)ရက်၊ တန့်ဆည်မြို့၌ ပြုလုပ်ခဲ့သည့် အင်အားရာချီသည့် ပင်မသပိတ်စစ်ကြောင်းကို တွေ့မြင်ရစဉ် -(ဓါတ်ပုံ-CJ)

fb.com/thevoiceofspring · twitter@NewsPamphlet · thevoiceofspringdaily@gmail.com

**အရေးတော်ပုံ မုချ အောင်ရမည်**

**နွေဦးစကား ဒို့ပြောကြား**

"စာက ပြန်သင်လို့ရတယ်
သမိုင်းက ပြန်ပြင်လို့မရဘူး"